ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ - ခုနှစ်　　ဇီးပင်ကွင်းအုပ်စု၊ ပေကုန်းကြီးကျေးရွာ

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)


၁၃။ အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်ချောင်း
ကျောက်နီချောင်း
မှုင်ဂါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရေနံတောင်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စုပြမြေပုံ




ဇီးပင်ကွင်းကျေးရွာအုပ်စုပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ဇီးပင်ကွင်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဇီးပင်ကွင်း ကျေးရွာ

၂။ ကရင်ကုန်း ကျေးရွာ

၃။ ပေကုန်းလေး ကျေးရွာ

၄။ နောကုန်း ကျေးရွာ

**၅။ ပေကုန်းကြီး ကျေးရွာ**

၆။ အုတ်ပုံ (မြောက်စု) ကျေးရွာ

၇။ အုတ်ပုံ (တောင်စု) ကျေးရွာ

၈။ အုတ်ပုံ (အရှေ့စု) ကျေးရွာ

၉။ ဇီးပင်ကွင်းလေး ကျေးရွာ

ဇီပင်ကွင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ကျေးရွာအခြေခံအချက်အလက်များ

ပေကုန်းကြီး ကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း-၂၀၀ခန့် ကတည်ရှိသည်။ ကြံခင်းမြို့နှင့်-၁၀မိုင်ခန့်၊ ကျေးရွာအုပ်စုရုံးနှင့်-၅မိုင်ခန့် ကွာဝေးသည်။ လယ်ယာလုပ်ငန်းများကို အဓိကလုပ်ကိုင်သည်။ အိမ်ခြေ စုစုပေါင်း-၅၁အိမ်ရှိပြီး၊ အမျိုးသား-၇၅ဦး၊ အမျိုးသမီး-၉၆ဦး၊ စုစုပေါင်း-၁၇၁ဦး နေထိုင်ကြသည်။

ကျေးရွာအုပ်စုတွင်းရှိ ကျေးရွာ-၄ရွာစုပေါင်း၍ ကိုးကွယ်သော ဘုန်းကြီးကျောင်းရှိပြီး ကျေးရွာတွင်ဗုဒ္ဓဘာသာဝင်များသာနေထိုင်ကြသည်။ ကျေးရွာ-၄ရွာမှ ပညာသင်ကြားနေသော မူလတန်းကျောင်း-၁ကျောင်းတည်ရှိသည်။

ပေကုန်းကြီးကျေးရွာသည် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထကောင်းများရှိ၍ လူထုဗဟိုပြုစီမံကိန်း ပထမနှစ်တွင် ရွာတွင်းချောင်းကျောက်လမ်းခင်းခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စီမံကိန်း ဒုတိယနှစ်တွင် ရွာတွင်းရှိ သစ်သားမီးတိုင်များအား ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်းလုပ်ငန်းကိုလည်း ကျေးရွာလူထုလုပ်အားဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 25.10.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 13 | 16 | 29 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 25.10.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 13 | 16 | 29 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 25.10.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 13 | 16 | 29 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 25.10.2017 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 13 | 16 | 29 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 25.10.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | 13 | 16 | 29 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 25.10.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 13 | 16 | 29 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 25.10.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 13 | 16 | 29 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 25.10.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 13 | 16 | 29 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 25.10.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 13 | 16 | 29 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

- ပေကုန်းကြီးကျေးရွာသည် လယ်ယာမြေနှင့် ကိုင်းမြေများကို မှီခိုပြီး အသက်မွေးဝမ်းကြောင်း ပြုကြ သည်။
- ကျေးရွာရှိ အိမ်ထောင်စု တစ်ဝက်နည်းပါးသည် မပြေလည်သောအိမ်ထောင်စုများ ဖြစ်သည့် အလျောက် ကျပန်းလုပ်ကိုင်ကြသည်။
- ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ စာသင်ကျောင်းရှိ၍ ပညာရေးနှင့်ပတ်သက်၍ အသင့် အတင့် လက်လှမ်းမှီသည်။
- တစ်ရွာလုံး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပြီး ဘုန်းကြီးကျောင်းလည်း တည်ရှိသည်။
- ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရွာတွင်းလမ်းများမှာ အသင့်အတင့် ကောင်းမွန် သော်လည်း ရွာချင်းဆက်လမ်းများမှာ မကောင်းပါ။
- ကျေးရွာတိုးတက်ရန်လိုအပ်ချက်များမှာ-
  - လျှပ်စစ်မီးတိုင်များမကောင်း၍လဲလှယ်ရန်။
  - သာရေးနာရေးအတွက်အစည်းအဝေးခန်းမရှိရန်။
  - လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်။

  ဝင်ငွေတိုးလုပ်ငန်းများရှိရန်


- စက်ချုပ်သင်တန်

- မွေးမြူရေးသင်တန်း

- အသေးစားချေးငွေလုပ်ငန်း

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်**




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင်ပြ ပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

ကျေးရွာတွင် လယ်ယာနှင့် ကိုင်းလုပ်ငန်းများကို အိမ်ခြေ-၂၇အိမ် လုပ်ကိုင်ကြပြီး ကျန်-၂၄အိမ်မှာ ကျပန်းလုပ်ကိုင်ကြသည်။ ၎င်းလုပ်ငန်းများတွင် နေ့စားခအဖြစ် အမျိုးသား၊ အမျိုးသမီးလုပ်အားခ တန်းတူရရှိသည်။

ကျေးရွာ၏ ရာသီဥတုမှာ ဝါဆို၊ ဝါခေါင်လ များတွင်သာ မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိသည်။ အခြားလများတွင် သာယာသည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတု အကူအပြောင်း လများတွင် သာယာသည်။


ပေကုန်းကြီး ကျေးရွာတွင် ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တပို့တွဲလတွင် မင်္ဂလာဆောင်ပွဲတော်၊ တပေါင်းလတွင် အလှူပွဲတော်များပြုလုပ်ကြသည်။

သောက်သုံးရေရရှိမှုနှင့်ပတ်သက်၍ မိုးတွင်းအခါ ပိုမိုဖူလုံမှုရှိပြီး ကျန်ကာလများတွင် အသင့်အတင့်ရှိသည်။လမ်းပန်းဆက်သွယ်ရေး အနေဖြင့် နွေရာသီတွင် အသင့်အတင့် ကောင်းမွန်ပြီး မိုးတွင်းအခါ လမ်းများပျက်စီးတတ်၍ လမ်းပန်းဆက်သွယ်ရေး မကောင်းပါ။

ကျေးရွာတွင် စပါးများရောင်းချချိန်နှင့် ပဲများရောင်းချချိန်တို့တွင် ဝင်ငွေများကောင်း၍ အစားအစာပိုမိုဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချိုးချန်ချွေတာစွာ စားသုံးကြရသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (က) ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်


<ဒုတိယနှစ်စက်ဝန်း>

ဥစ္စာဓနကြွယ်ဝမှုဇယား

ရက်စွဲ-၁၆.၁၂.၁၆

အုပ်စု-ဗီးပင်ကွင်း ကျေးရွာ-ပေကုန်းကြီး

ပါဝင်ဆွေးနွေးသူ-ကျား- ၄ မ-၆

ဆည်းရုံးရေးမှူး-ဒေါ်ခင်ထက်လွင်

| အဆင့် | သတ်မှတ်ချက် | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသောအုပ်စု | သွပ်မိုးပျဉ်ထောင်အိမ်၊ ဆိုင်ကယ် ၁၁စီး၊ TV၊ လယ်ဧက (၃၀)၊ နွား စပါးခွဲစက်၊ ရေစုပ်စက်၊ ဆေးဖျန်းစက်၊ မြက်ဖြတ်စက်၊ ပဲကိုင်း ၅ ဧကစိုက် ထော်လာဂျီ၊ ဝမ်းစာဖူလုံမှု-စပါး ၁၀၊ လျှပ်စစ်မီး၊ ဂျီ၊ (ဘက်ထရီမှသွယ်) ကျောင်းပညာရေးမှာဘွဲ့ရသည်အထိလက်လှမ်းမှီပြီး၊ မြဉ်/ရန်ကုန် ဆေးရုံဆေးခန်းအထိလက်လှမ်းမှီနိုင်သည်။ | ၁၂ | ၂၄% |
| အသင့်အတင့် | သွပ်မိုးပျဉ်ထောင်အိမ်၊ ဆိုင်ကယ် (၁)စီး၊ TV၊ လယ် (၄) ဧက၊ နွားတစ်ရှဉ်း ထွန်စက်၊ ရေစုပ်စက်၊ ဆေးဖျန်းစက်၊ ဝမ်းစာဖူလုံမှု-၃ နှစ်၊ ဆိုလာမီး၊ မီးစာ၊ ဘွဲ့ရသည်အထိ ကျောင်းပညာရေးလက်လှမ်းမှီပြီး၊ ကြံခင်း ဆေးရုံ/ဆေးခန်းသွားနိုင်သည်အထိလက်လှမ်းမှီသည်။ | ၁၅ | ၂၉% |
| မပြေလည်သောအုပ်စု | သွပ်မိုး၊ ဝါးအိမ်၊ ဆိုင်ကယ် (၁)စီး၊ ဝက်မွေး၊ TV၊ ကျပန်းအလုပ်လုပ် သည်။ စက်ဘီး၊ ကျောင်းပညာရေးမှာ မူလတန်းအထိလက်လှမ်းမှီပြီး ဘက်ရဲ ဆေးရုံ/ဆေးခန်းအထိလက်လှမ်းမှီသည်။ | ၂၄ | ၄၇% |
| နွမ်းပါးသောအုပ်စု | – | | |
| | စုစုပေါင်း | ၅၁ | ၁၀၀% |

ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

## ဥစ္စာမဲ့ အဆင့်သတ်မှတ်ခြင်း (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)


ပေကုန်းကြီးကျေးရွာတွင် အိမ်ခြေ-၅၁အိမ်ရှိသည့်အနက် ချမ်းသာသောအိမ်ထောင်စု-၁၂အိမ်၊ အသင့်အတင့် အိမ်ထောင်စု-၁၅အိမ်၊ မပြေလည်သောအိမ်ထောင်စု-၂၄အိမ်ရှိသည်။ မပြေလည်သော အိမ်ထောင်စုမှာ ကျပန်းလုပ်ကိုင်ကြသည်။


ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲရာတွင် မပြေလည်သော အိမ်ထောင်စုများ၏ အားလပ်သောအချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက်လုပ်ငန်းများကို အလေးထားစဉ်းစား ဆောင်ရွက်ခဲ့သည်။

ကျေးရွာတွင်းရှိ မီးတိုင်များ လဲလှယ်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်သည့်အပြင် ကလေးများ၏ ပညာရေးအတွက် အထောက်အပံ့ ရရှိနိုင်သည်။ ကျေးရွာ၏လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းကြောင့် လုပ်အားခဝင်ငွေများရရှိလာသည့်အပြင် လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်လာသည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း**




အဖွဲ့အစည်းချိတ်ဆက်ပြပုံ

**<u>အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


ပေကုန်းကြီး ကျေးရွာအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ဖြစ်သည့် ဆယ်အိမ်မှူး အဖွဲ့သည် လူထုဗဟိုပြု စီမံကိန်းအဖွဲ့၊ လူငယ်ပရဟိတ အဖွဲ့တို့နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အဓိက ဆောင်ရွက်ကြသည်။

ကျေးရွာ ဂေါပကအဖွဲ့နှင့် ကျောင်းကော်မတီ အဖွဲ့တို့သည် ပညာရေး၊ သာရေး၊ နာရေးတို့တွင် အဓိကပါဝင်သည်။ ကောက်စိုက်သမအဖွဲ့နှင့် ပရိတ်အသင်းအဖွဲ့တို့သည်လည်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။

ကျေးရွာမီးသတ် အဖွဲ့သည် မြို့နယ်မီးသတ်အဖွဲ့နှင့် လည်းကောင်း၊ ကျေးရွာလူထုဗဟိုပြု စီမံကိန်းကော်မတီ အဖွဲ့သည် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာနနှင့်လည်းကောင်း၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့နှင့် လည်းကောင်း အသီးသီးချိတ်ဆက်၍ ဆောင်ရွက်နေသည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (င) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




<u>ပင့်ကူအိမ်ကွန်ယက်</u>

**ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)**

ပေကုန်းကြီးကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ အမျိုးသမီးများသည် အမျိုးသားများထက် အနည်းငယ်ပို၍ လက်လှမ်းမှီသော်လည်း အရင်းအမြစ်များအပေါ် လက်လှမ်းမှီမှုတွင် အမျိုးသားများ က ပို၍လက်လှမ်းမှီကြောင်းတွေ့ရသည်။


ကျေးရွာတွင် အုပ်ချုပ်မှုပိုင်းနှင့် လုံခြုံမှုတို့တွင် အမျိုးသားများက အမျိုးသမီးများထက်ပို၍ လက်လှမ်းမှီကြောင်းတွေ့ရသည်။ ဝင်ငွေရှာဖွေမှုနှင့် အဖွဲ့အစည်းပါဝင်မှုတို့တွင်လည်း အမျိုးသားများ က အမျိုးသမီးများထက်ပို၍ အခွင့်အလမ်းရှိကြောင်းတွေ့ရသည်။

ပေကုန်းကြီးကျေးရွာရှိ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကိုသာ အများဆုံးလုပ် ကိုင်နေရပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်လျှင်လည်း အမျိုးသားများက ပို၍အခွင့် အလမ်းရှိပြီး အမျိုးသမီးများက အခွင့်အရေးနည်းကြောင်းတွေ့ရသည်။

ပေကုန်းကြီးကျေးရွာရှိ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်နေ ရပြီး အခြားအခွင့်အလမ်းများတွင် လက်လှမ်းမှီမှု အားနည်းကြောင်းတွေ့ရပြီး အမျိုးသားများသည် အ မျိုးသမီးများအတွက် အခြားအခွင့်အလမ်းများအား လက်လှမ်းမှီနိုင်ရန် လက်တွဲခေါ်ယူလျှင် အမျိုးသမီး များသည် အိမ်တွင်းမှု လုပ်ငန်းများတွင်သာမက အခြားအခွင့်အလမ်းများလည်းရရှိလာနိုင်မည်ဟု သုံး သပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


**<u>(စ) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>**




အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(စ) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>**




အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု

**အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်၊ ဆုံးဖြတ်နိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


ပေကုန်းကြီးကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့သည် ဆိုင်ကယ်၊ စက်၊ လယ်၊ ကိုင်း၊ လမ်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ရေတွင်း၊ အိမ်၊ စက်ဘီးတို့ကို တူညီစွာ အသုံးပြုပြီး တူညီစွာ ပိုင်ဆိုင်ထိန်းချုပ်ကြသည်။


ကျေးရွာရှိ အမျိုးသမီးများသည် ဈေးဆိုင်နှင့် အပ်ချုပ်စက်တို့ကို အမျိုးသားများနှင့် မတူညီပဲ အသုံးပြုထိန်းချုပ်ကြသည်။ ကျေးရွာရှိ အမျိုးသားများသည် လယ်ထွန်စက်၊ ခြွေလှေ့စက်၊ မီးစက်၊ လှည်း၊ နွား၊ ရေစုပ်စက်တို့ကို အသုံပြုထိန်းချုပ်ကြသည်။

လူမှုရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ အစည်းအဝေးများ တက်ရောက်ခြင်း၊ ပါဝင် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အပြန်အလှန် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် အမျိုးသမီးများသည် အမျိုးသား များနှင့် တန်းတူညီတူ အခွင့်အရေး ညီမျှအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု သုံးသပ် မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်**





အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


ပေကုန်းကြီးကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများ၏ အဓိကအခက်အခဲပြဿနာမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ လျှပ်စစ်မီးတိုင်များမကောင်း၍ မီးအားမပြည့်သည့်အခက်အခဲ၊ ရေကန်ဆောက်လုပ်ရန် မြေနေရာမရှိ၍ မီးဘေးအန္တရာယ် အခက်အခဲတို့ ဖြစ်ကြသည်။


ကျေးရွာရှိ အမျိုးအမီးများ၏ အမျိုးသားများနှင့် မတူညီသော အခက်အခဲ ပြဿနာတို့မှာ စီးပွားရေးအခက်အခဲ၊ ကျန်းမာရေးအခက်အခဲ၊ ပညာရေးအခက်အခဲတို့ဖြစ်ကြသည်။ အမျိုးသားများ၏ အမျိုးသမီးများနှင့် မတူညီသော အခက်အခဲပြဿနာတို့မှာ ငွေကြေးအခက်အခဲနှင့် သယ်ယူပို့ဆောင်ရန် ကားအခက်အခဲတို့ ဖြစ်ကြသည်။

အထက်ဖော်ပြပါ အခက်အခဲပြဿနာတို့မှာ ပေကုန်းကြီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောက်နှေးစေသော အခက်အခဲပြဿနာများဖြစ်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သပ်ချက်များ

## (ဇ) ကျေးရွာမျှော်မှန်းချက်များအပေါ် သုံးသပ်ခြင်း





မျှော်မှန်းချက်များ

**ကျေးရွာမျှော်မှန်းချက်များ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

ပေကုန်းကြီး ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့သည် မိမိတို့ ကျေးရွာအတွက် ကွန်ကရစ်မီးတိုင်၊ စက်ရေတွင်း၊ ရေကန်၊ ရေစက်၊ ဖက်ပင်ကုန်းရွာမှ ရွာတွင်းအထိ ချောင်းကျောက်လမ်းခင်းရန်၊ ထရမ်စဖော်မာရှိရန်၊ ဆေးပေးခန်းရှိရန်နှင့် စာကြည့်တိုက်ရှိရန်တို့ကို တူညီစွာ မျှော်မှန်းကြသည်။


အမျိုးသမီးများ၏ မျှော်မှန်းချက်မှာ မီးသတ်ကားရှိရန်၊ အသေးစားချေးငွေလုပ်ငန်းရှိရန်၊ လယ်ထွန်စက်ရှိရန်၊ ရိတ်သိမ်းခြွေလှေ့စက်ရှိရန်၊ ဇာထိုး ပန်းထိုးသင်တန်းရရှိရန်၊ စက်ချုပ်သင်တန်းရရှိရန်နှင့် မွေးမြူရေးလုပ်ငန်းရှိရန်တို့ကို အမျိုးသားများနှင့် မတူညီပဲ မျှော်မှန်းကြသည်။

ကျေးရွာရှိ အမျိုးသားများ၏မျှော်မှန်းချက်မှာ အစည်းအဝေးခန်းမရှိရန်၊ သဲသယ်ရန်ကားနှင့် မီတာတို့ရှိရန် အမျိုးသမီးများနှင့် မတူညီပဲ မျှောမှန်းကြသည်။

အထက်ဖော်ပြပါ မျှော်မှန်းချက်များမှာ မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသောမျှော်မှန်းချက်များဖြစ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## <u>(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>



<ဒုတိယနှစ်စက်ဝန်း>

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

အုပ်စု - ဖီးပင်ကွင်း    ကျေးရွာ - ပေကုန်းကြီး    ရက်စွဲ - ၁၇.၁၁.၂၀၁၆

| ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ | အဆိုပြုသူ | အမျိုးသား မဲအရေအတွက် | အမျိုးသမီး မဲအရေအတွက် | စုစုပေါင်း | ဦးစားပေးအဆင့် |
|---|---|---|---|---|---|
| ကွန်ကရစ်မီးတိုင် နှင့် မီးကြိုး | ကျား+မ | ၆၂ | ၇၈ | ၁၄၀ | ၁ |
| အစည်းအဝေးခန်းမ | ကျား | ၄ | ၇ | ၁၁ | ၄ |
| စက်ရေတွင်း + ရေကန် + ရေစက် | ကျား + မ | ၂၉ | ၂၄ | ၅၃ | ၃ |
| ~~အစည်းအဝေးခန်းမ~~ ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ကျား + မ | ၃၁ | ၄၇ | ၇၈ | ၂ |
| | | | | | |

ဦးစားပေးလုပ်ငန်းများ

**ကျေးရွာဦးစားပေးလုပ်ငန်းများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

ပေကုန်းကြီးကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးအုပ်စုများမှ အဆိုပြုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနက် ဖွံ့ဖြိုးရေးလုပ်ငန်း-၄ခုကို ရွေးချယ်၍မဲပေးခဲ့သည်။

ကွန်ကရစ်မီးတိုင်နှင့်မီးကြိုးစီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၆၂မဲ၊ အမျိုးသမီး-၇၈မဲ၊ စုစုပေါင်း ၁၄၀မဲဖြင့် ဦးစားပေးအဆင့်-၁ကို ရရှိခဲ့သည်။

ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း စီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၃၁မဲ၊ အမျိုးသမီး-၄၇မဲ စုစုပေါင်း-၇၈မဲဖြင့် ဦးစားပေးအဆင့်-၂ကို ရရှိခဲ့သည်။

စက်ရေတွင်း၊ ရေကန်၊ ရေစက် စီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၂၉မဲ၊ အမျိုးသမီး-၂၄မဲ၊ စုစုပေါင်း-၅၃မဲဖြင့် ဦးစားပေးအဆင့်-၃ကို ရရှိခဲ့သည်။

အစည်းအဝေးခန်းမ စီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၄မဲ၊ အမျိုးသမီး-၇မဲ၊ စုစုပေါင်း-၁၁မဲဖြင့် ဦးစားပေးအဆင့်-၄ကို ရရှိခဲ့သည်။

ပေကုန်းကြီးကျေးရွာသည် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်တွင် ချောင်းကျောက်ခင်းခြင်း စီမံကန်းလုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ဒုတိယနှစ်တွင် ရွာတွင်းကွန်ကရစ် မီးတိုင်လဲလှယ်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယခု တတိယနှစ် စီမံကိန်း စက်ဝန်းတွင် ကျေးရွာအုပ်စု၏ သဘောတူညီမှုဖြင့် လုပ်ငန်းနားခဲ့ပြီး စတုတ္ထနှစ်စက်ဝန်းတွင် ရွာပြင်ရှိ သစ်သားမီးတိုင်များအား ကွန်ကရစ်မီးတိုင် လဲလှယ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

## လူမှုဆန်းစစ်ခြင်း အနှစ်ချုပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### လူမှုဆန်းစစ်ခြင်း အနှစ်ချုပ်ခြင်း



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



**၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း**

**အုပ်စု။ ။ ဇီးပင်ကွင်း ကျေးရွာ။ ။ ပေကုန်းကြီးကျေးရွာ**

**စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၅-၁၀-၂၀၁၇**

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးထွန်းရှင် | ၀၉၂၅၀၅၇၈၇၄၂ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်နွယ်နီစိုး | ၀၉၂၅၀၈၂၂၁၇၉ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသိန်းစံ | ၀၉၉၇၆၇၀၄၉၁၆ | |
| ၄ | | အဖွဲ့ဝင် | ဦးတင်မင်းခိုင် | - | |
| ၅ | | အဖွဲ့ဝင် | ဒေါ်တင်တင်ဌေး | ၀၉၄၉၃၄၇၁၉၄ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်စန်းမူလွင် | ၀၉၉၇၇၃၁၉၂၅၃ | |
| ၇ | | အဖွဲ့ဝင် | ဦးသောင်းစိန် | - | |
| ၈ | | အဖွဲ့ဝင် | ဦးတိုးလင်းအောင် | - | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မြင့်အေး | - | |
| ၁၀ | | အဖွဲ့ဝင် | ဦးကျော်ဝင်း | ၀၉၇၉၀၅၄၃၃၆၅ | |
| ၁၁ | | အဖွဲ့ဝင် | ဦးနိုင်လင်း | ၀၉၉၇၇၃၁၉၂၅၃ | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်သန္တာအေး | ၀၉၂၅၄၇၅၀၂၁၈ | |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးညီဝင်း | ၀၉၂၅၀၃၁၈၁၃၈ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဌေးဌေးအောင် | - | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးရဲနိုင်ထွန်း | ၀၉၇၉၁၄၅၀၃၂ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အေးအေးသင်း | ၀၉၂၅၀၅၇၈၇၉၂ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး- ဒေါ်ထက်ထက်လွင်

လက်ထောက်နည်း ပညာမှူး - ဦးဇာနည်အောင်

# ၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးထွန်းရှင် | ၀၉-250578792 | ဒေါ်ထက်ထက်လှိုင် |

| မြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ကြံခင်း | ဗီးပင်ကွင်း | ပေကျိုးကြီး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၅၁ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၅၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ -------------- | | ဘာသာရေ ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား ၅ ၊ မ ၁၁ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၁၅၅ | ၇၆ | ၆၉ |
| လူမျိုးစု (၁)---ဗမာ | ၇၆ | ၆၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၃၈ | ၁၃ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-[illegible]/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၁၅ မိနစ်-- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--၁၅ မိနစ်-------------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဧ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လမ်းကော်မတီဖွဲ့
(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးထွန်းရှင်

လက်မှတ် — နေ့စွဲ 25.10.2017

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ထက်ထက်လွင်

လက်မှတ် — နေ့စွဲ 25.10.2017

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လွင်

| | |
|---|---|
| နေ့စွဲ ၂၅.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) |

| | | | |
|---|---|---|---|
| မြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဇီးပင်တွင်း | ကျေးရွာ ပေကုန်းကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် | လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၅.၁၀.၁၇ | ၂၅.၁၀.၁၇ | ၁၃ | ၁၆ | ၂၉ | ၂၉ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၅.၁၀.၁၇ | ၂၅.၁၀.၁၇ | ၁၃ | ၁၆ | ၂၉ | ၂၉ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၆.၁၀.၁၇ | ၂၆.၁၀.၁၇ | ၁၆ | ၁၆ | ၃၂ | ၃၂ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၇.၁၂.၁၇ | ၁၇.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂.၁၂.၁၇ | ၂၂.၁၂.၁၇ | ၄ | ၃ | ၇ | ၇ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | ǀ ǀ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | ǀ ǀ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | ǀ ǀ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | ǀ ǀ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | ǀ ǀ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | ǀ ǀ |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | ǀ ǀ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | ǀ ǀ |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လွင်

နေ့စွဲ ၂၅ ၊ ၁၀ ၊ ၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

~~ပြည်နယ်~~/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဇီးပင်ကွင်း | ကျေးရွာ ဖေကုန်းကြီး

ကး အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မီးအားပြည့်ဝစွာ Transformer မရှိသည့်အခက်အခဲ | ၁ | ဗိုအတိုင်း မီးမရရှိသည့်အတွက် စီးပွားရေး ပညာရေး အခက်အခဲ |
| ၂ | စာကြည့်တိုက်ဆောက်ရန်အတွက် ငွေကြေးအခက်အခဲ | ၂ | မြို့နှင့်ဝေးကွာ၍ ကျန်းမာရေးခက်ခဲခြင်း |
| ၃ | ရေတွင်း ရေကာပြုလုပ်ရန် မြေနေရာ ခက်ခဲခြင်း | ၃ | ဆက်သွယ်ရေးမကောင်းသည့်အခက်အခဲ |
| ၄ | သယ်ယူပို့ဆောင်ရေး အခက်အခဲ | ၄ | ရေရှားပါးသည့်အခက်အခဲ |
| ၅ | | ၅ | မီးဘေးအန္တရာယ်အခက်အခဲ |
| ၆ | | ၆ | စီးပွားရေးအခက်အခဲ |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီးတိုင်အားလုံး ကွန်ကရစ်မီးတိုင်ဖြစ်ချင်သည်။ | ၁ | မီးတိုင်များအား ကွန်ကရစ်မီးတိုင် ဖြစ်ချင်သည်။ |
| ၂ | Transformer ရှိချင်သည်။ | ၂ | ဆေးပေးခန်းရှိချင်သည်။ |
| ၃ | လျှပ်စစ်မီး အလုံအလောက်ရှိချင်သည်။ | ၃ | စာကြည့်တိုက်ရှိချင်သည်။ |
| ၄ | ကျေးလက်ဆေးပေးခန်းရှိချင်သည်။ | ၄ | ကျေးရွာတွင်စာကြည့်တိုက်ရှိချင်သည်။ |
| ၅ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ရန် ကျောက်ခင်းလမ်း ဖြစ်ချင်သည်။ | ၅ | စက်ရေတွင်းရှိချင်သည်။ |
| ၆ | စာကြည့်တိုက်ရှိချင်ပါသည်။ | ၆ | မီးသတ်ကား ယာဉ်၊ မီးသတ်စက် ရှိချင်သည်။ |
| ၇ | ရေပတ်ဝန်းကျင်ပါရှိ စိုက်ပျိုးရေး လုပ်ငန်းများတွင် စက်ကိရိယာ များ အစားထိုး အသုံးပြုချင်သည်။ | ၇ | ရေလှောင်ကန်ရှိချင်သည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဘွင်ကရစ်ဖော်းဆိုင် ၂၅၁ ဆိုင် | ကျား + မ | ၅၀ သိန်း နှစ်ဆောင်းငါးထောင် | ၁၇၇ |
| ၂ | ရွာတွင်းချောင်းကျောက်သမ်း | ကျား + မ | ၂၅ သိန်း | ၁၇၇ |
| ၃ | စက်ရေတွင်း + ရေကန် + ရေစက် | ကျား + မ | ၂၄ သိန်း | ၁၇၇ |
| ၄ | စာစဉ်းသင်းဝေး ခုံမ | ကျား | ၇၀ သိန်း | ၁၇၇ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသေးစားချေးငွေ လုပ်ငန်း | အမျိုးသမီး | |
| ၂ | ကောက်ရိတ်စက် | အမျိုးသား | |
| ၃ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၄ | သံသယ်ရုံကား ၁စီး | အမျိုးသား | |
| ၅ | ဇာထိုး ပန်းထိုးသင်တန်း | အမျိုးသမီး | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးအောင်စိုးဆွေ--- လက်မှတ် ---(signature)--- နေ့စွဲ ---၂၅.၁၀.၂၀၁၇---

ဒေါ်နွယ်နီဦး (signature)

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြုပီစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုဒ်-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

လမ်းညွှန်ချက်၊ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | [illegible] | | |
| နေ့စွဲ ၂၆.၁၀.၁၇ | | ခက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | ၈'x ၆'x၅' (၈၀၀ ပေ) | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၃၅၀၀၀၀ | ၀ | | | ၃၅၀၀၀၀ |
| [illegible] | [illegible] | ၂၀'x၃၅' | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၇၀၀၀၀၀ | ၀ | | | ၇၀၀၀၀၀ |
| [illegible] | [illegible] | ၂၅ ထိုင် | | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၅၀၀၀၀၀ | ၀ | ၁၅၀၀၀ | ([illegible]) | ၅၁၅၀၀၀ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလ[illegible]

အပိုင်း-၃ ၉.၉.၂၀၁၇

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကရင်ကုန်း | ရွာချင်းဆက် ကျောက်ချောလမ်း | (၆၀၀၀'×၁၀'×၄") | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | ၅၆၁၀၀၀၀/- | | | ၅၆၁၀၀၀၀/- |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဦးစောဝင်း၊ [illegible]

လက်မှတ် ---------------- ရက်စွဲ 26.10.17

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စု၊ ပေကုန်းကြီးကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ပေကုန်းကြီးကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၅.၁၀.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအား အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။
- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။
- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။
- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။
- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။
- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။
- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။
- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။
- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*******************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး | ကျား<br>မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ကျား<br>မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | စက်ရေတွင်းရေကန်ရေစက် | ကျား<br>မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | အစည်းအဝေးခန်းမ | ကျား | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်း ကြောင်း/ စိုက်ပျိုးရေး | ၅ | ကောက်ရိတ်စက် | ကျား | ၂၀၂၂ | ကျေးရွာလူထု | စက်မှုလယ်ယာ ဦးစီးဌာန |
| | ၆ | စက်ချုပ်သင်တန်း | မ | ၂၀၂၁ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | ၇ | ဇာထိုးပန်းထိုးသင်တန်း | မ | ၂၀၂၂ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၈ | အသေးစားချေးငွေလုပ်ငန်း | မ | ၂၀၂၃ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | ၉ | သဲသယ်ရန်ကားတစ်စီး | ကျား | ၂၀၂၄ | ကျေးရွာလူထု | - |